**23. ဌာန - International College**

သင်တန်းအမည် - Bachelor of Business Administration Program in Marketing (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Business Administration (Marketing)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. ပြည်တွင်းပြည်ပကုမ္ပဏီများတွင် ဈေးကွက်ရှာဖွေရေး၊ အမှတ်တံဆိပ်၊ ထုတ်ကုန်မန်နေဂျာအဖြစ် လုပ်ကိုင် နိုင်ခြင်း။
2. သုတေသနနှင့်သတင်းအချက်အလက်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများတွင်လုပ်ကိုင်နိုင်ခြင်း။
3. ကြော်ငြာထုတ်လုပ်သည့်အေဂျင်စီများတွင် Account executives အဖြစ်လုပ်ကိုင်နိုင်ခြင်း။
4. နိုင်ငံပိုင်လုပ်ငန်းများတွင် ဝန်ထမ်းများအဖြစ်လုပ်ကိုင်နိုင်ခြင်း။
5. နိုင်ငံတကာ/non-profit အဖွဲ့အစည်းများတွင် လုပ်ကိုင်နိုင်ခြင်း။
6. စီးပွားရေးလုပ်ငန်းရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။
7. ဈေးကွက်ရှာဖွေရေး / ဈေးကွက်ရှာဖွေရေးသုတေသန / ဈေးကွက်ဆက်သွယ်ရေး / ပို့ဆောင်ရေး စသည့် ဘာသာရပ်များသင်ကြားသောတက္ကသိုလ်များတွင်လုပ်ကိုင်နိုင်ခြင်း။
8. Master of Business Administration ကိုထိုင်း/ပြည်ပနိုင်ငံများတွင်ဆက်လက်ဆည်းပူးနိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

အဖွဲ့အစည်းအဖြစ် လုပ်ဆောင်မှုအပိုင်း၌

PLO1 - အဖွဲ့အစည်းနှင့်အတူတူလုပ်ကိုင်နိုင်ကြောင်းပြသနိုင်ရန်။

PLO1.1 - လူမှုဆက်ဆံရေးစွမ်းရည်များပြသနိုင်ရန်။

PLO1.2 - မတူညီကွဲပြားမှုပိုလက်ခံနိုင်ကြောင်းပြသနိုင်ရန်။

PLO1.3 - အများနှင့်အတူတူပူးပေါင်းလုပ်ကိုင်နိုင်ကြောင်းပြသနိုင်ရန်။

ခွဲခြမ်းစိတ်ဖြာမှုစွမ်းရည်အပိုင်း၌

PLO2 - ဈေးကွက်ရှာဖွေရေးစီမံကိန်းချခြင်းနှင့်ဗျူဟာရေးဆွဲခြင်းအတွက် ဈေးကွက်ရှာဖွေရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုကို ခွဲခြမ်းစိတ်ဖြာ၍ ကျိုးကြောင်းဆီလျော်စွာ တွေးတောနိုင်ရန်။

PLO2.1 - စီးပွါးဆိုင်ရာပြဿနာများကို ကျိုးကြောင်းမှန်ကန်သော အချက်အလက်များဖြင့် အသိအမှတ်ပြုနိုင်ရန်။

PLO2.2 - စီးပွါးဆိုင်ရာပြဿနာများကို ခွဲခြမ်းစိတ်ဖြာရာတွင် သင့်လျော်သော မူဘောင်များ၊ နည်းလမ်းများကို ရွေးချယ်နိုင်ရန်။

PLO2.3 - ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ဈေးကွက်ရှာဖွေရေးဗျူဟာရေးဆွဲခြင်းအတွက် အသုံးပြုသည့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုများကို ကျိုးကြောင်းဆီလျော်စွာ သိရှိနားလည်ရန်။

ဆန်းသစ်တီထွင်မှုအပိုင်း၌
PLO3 - ဈေးကွက်အခွင့်အလမ်းသစ်များရယူခြင်း သို့မဟုတ် ဈေးကွက်ရှာဖွေရေးပြဿနာများ ဖြေရှင်းခြင်းအတွက် ဆန်းသစ်သောဈေးကွက်ရှာဖွေရေးအစီအစဉ်များ/ဖြေရှင်းချက်များကို ရေးဆွဲနိုင်ရန်။

PLO3.1 - သင့်လျော်သော လုပ်ငန်းပိုင်းဆိုင်ရာအခွင့်အလမ်းများ/ပြဿနာများကိုခွဲခြားနိုင်ရန်။

PLO3.2 - ဈေးကွက်အခွင့်အလမ်းသစ်များရယူရန် သို့မဟုတ် လက်ရှိဈေးကွက်ရှာဖွေရေးပြဿနာများကို ဖြေရှင်းရန်အတွက် ဆန်းသစ်သောဈေးကွက်ရှာဖွေရေးအစီအစဉ်များ/ဖြေရှင်းချက်များကို အဆိုပြုနိုင်ရန်။

ကျင့်ဝတ်နှင့်ရေရှည်တည်တံ့ရေးအပိုင်း၌
PLO4 - လုပ်ငန်းအလေ့အကျင့်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်ပြီး လုပ်ငန်းတွင် ရေရှည်တည်တံ့မှု၏ အရေးပါမှုကိုဖော်ပြနိုင်ရန်။

PLO4.1 - လုပ်ငန်းအလေ့အကျင့်များ၏ ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်။

PLO4.2 - လုပ်ငန်းတွင် ရေရှည်တည်တံ့မှု၏အယူအဆအသိပညာများကိုဖော်ပြနိုင်ရန်။

စီမံခန့်ခွဲမှုအပိုင်း၌
PLO5 - နေ့စဉ်ပြောင်းလဲနေသောစီးပွါးရေးလုပ်ငန်းများအတွင်း မိမိတို့၏လုပ်ငန်းတာဝန်များပြီးမြောက်စေရန် စီမံခန့်ခွဲမှုအသိပညာများဖြင့်ရှင်းပြနိုင်ရန်။

PLO5.1 - အဖွဲ့အစည်းစီမံရေးနှင့် လုပ်ငန်းလည်ပတ်မှုသဘောတရားများအကြောင်းပြောပြနိုင်ရန်။

PLO5.2 - လုပ်ငန်းများပြီးမြောက်အောင်မြင်ရန် ထိရောက်သေချာသောအစီအစဉ်များချမှတ်နိုင်ရန်။

PLO5.3 - ပြောင်းလဲနေသောလုပ်ငန်းသဘာဝနှင့်၎င်းတို့၏အကျိုးသက်ရောက်မှုများခွဲခြားနိုင်ရန်။

ဈေးကွက်ရှာဖွေရေးအသိပညာနှင့်ကျွမ်းကျင်မှုအပိုင်း၌
PLO6 - ဈေးကွက်ရှာဖွေရေးဆိုင်ရာအသိသညာနှင့်အရည်အသွေးများဖြင့် လက်တွေ့ပြသာနာများ ဖြေရှင်းနိုင်ရန်။

PLO6.1 - အဖွဲ့အစည်းများနှင့် ထွန်းသစ်စကုမ္ပဏီများအတွက် ဒစ်ဂျစ်တယ်ကမ္ဘာတွင် စဉ်ဆက်မပြတ် ရှင်သန်ကြီးထွားလာစေရန်ဈေးကွက်ရှာဖွေရေးအစီအစဉ်ကို အောင်မြင်စွာ ဒီဇိုင်းရေးဆွဲနိုင်ရန်။

PLO6.2 - အဖွဲ့အစည်းနှင့် လူ့အဖွဲ့အစည်းအပေါ် ဈေးကွက်ရှာဖွေရေး ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုကို ရှင်းပြနိုင်ရန်။